စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

# မှန်ကန်သောလမ်း အပါအဝင်

## ယှဉ်ပြိုင်မှုဆိုင်ရာ ရုပ်ပြဇာတ်လမ်းများ



ကာတွန်း

ကိုရွှေထူး

ရေးဆွဲသရုပ်ဖော်သည်



မှန်ကန်သော လမ်း....
အောက် အီး..အီး..အွတ်.....
နံနက်ခင်းရဲ့ သာယာလှပမှု ကမ္ဘာကြီးပြည့်စုံမှု ရှိနေလေရဲ့...
ဖိုးလုံးရဲ့စိတ်ထဲမှာ အုံ့မှိုင်းညှိုးပြာမသာယာမှုရှိနေတာအမှန်...
ဟော့ကောင်ဖိုးလုံး..ဒီနေ့ ဆိုင်ကိုမသွားဘူးလား..
ဟာ..ဦးတင့်
ဟုတ်..ဟုတ်ကဲ့ သွားမှာပါ...


အေးကွ..ခုတလောမင်းကိုကြည့်ရတာတစ်မျိုးဖြစ်နေသလားလို့..နေထိုင်မကောင်းတာလား..အလုပ်ပင်ပန်းတာလား တစ်ခုခုပဲ..
ကျန်းမာနေကောင်းပါတယ်..အာ လုပ်ကလည်း ဒီလောက်ကြီးမပင်ပန်းပါဘူး
ဘာပဲဖြစ်ဖြစ် ကိုယ့်အလုပ်ပေါ်တန်ဖိုးထား စိတ်ဆွေးကွ...
ငါ ဟိုဘက်ဆက်လျှောက်လိုက်ဦးမယ်ကွာ..
ဟုတ်ကဲ့ ဦးတင့်..
ဦးတင့်ထွက်သွားပြီ
တော့မှ..
လူက နေကောင်းပါတယ်..စိတ်ကမကောင်းတာပါ..အလုပ်မပင်ပန်းပေမဲ့
စိတ်ဖိစီးမှုဒဏ်က သိပ်ပင်ပန်းစေတယ်...လို့ပြောလိုက်ချင်ပါတယ် ဦးတင့်ရယ်...


မကြည်လင်တဲ့စိတ်ကြောင့်ဇနီးသည်ပြင်ဆင်ပေးတဲ့နံနက်စာကလည်း အရင်လို အရသာမတွေ့တော့
စိတ်အလိုလိုက်ပြီး ဒီအတိုင်းနေလို့က လည်းမရ...
မကြည်လင် မလျော့ပါးတဲ့စိတ်နဲ့ အလုပ်ရှိရာကို ဖြည်းညှင်းလေးကန်စွာ ထွက်လာခဲ့မိတယ်...
ငါ ဘာလုပ်ရမလဲ... ဘာလုပ်သင့်လဲ...
ပူဒွပုံးသားတွေ ခမျာ... အဟုတ်ရေးခြားမှာ အဲသဲအချာ..တဲ့မှု.. ဆွဲဒိုင်ဆောက်တာတမ်းတွေ ရှမယ်....
လန့်လိုက်တာ...



စိတ်ရဲ့ထွက်ပေါက်တစ်ခုကို ဖိုးလုံးရဲ့ မသိစိတ်နဲ့ လုပ်လိုက်မိပါရော...
ထူးခြားဖို့အသာထား... ရှုံးမသွားဖို့ မနည်းအားတင်းထားရသူပါ ခင်ဗျာ...
မောင်ရင်ကမူးသွားပြီး သားထင်တယ်..
ဆောက်ကြာသား တွေ..အောက်ဟာ ဖြားမယ်ဆိုလား..
ဟုတ်ပါတယ်
အေးလေ..မင်းကလည်း မင်းဒုက္ခနဲ့မင်း... ငါကလည်း မင်းရှေ့ကျမှအော်မိတယ်.. ဆောရီး သူငယ်...
ဖိုးလုံးစိတ်မကောင်း ဖြစ်သွားမိ တယ်...
ငါ့အတွက်နဲ့ စိတ်အနှောင့်အ ယှက်ဖြစ်သွားရှာ ပါလား...
စိတ်ပျက်စွာလျှောက်လှမ်းရင်းအလုပ်ရှိ ရာနေရာကိုရောက်မှန်းမသိရောက်လာ ခဲ့တယ်...


ကောင်တာရဲ့နောက်မှာ တိတ်ဆိတ်စွာဝယ်သူကိုမျှော်နေရှာတဲ့ ဝန်ထမ်းတွေကို တွေ့လိုက်ရတယ်...
ဆိုင်စ,ဖွင့်စဉ်ကတည်းက ဆိုင်ရဲ့အကျိုးအမြတ်ထက်ပါမှုတည်ပြီး ဝန်ထမ်းတွေကို နှစ်စဉ်လိုလို ဆုကြေးနဲ့လက်ဆောင်ပစ္စည်းတွေ ပေးနေကျဆိုတော့..အမြဲတက်ကြွနေတဲ့ ငါ့ဝန်ထမ်းတွေ...
ဖောက်သည်တွေနဲ့ဝယ်သူတွေအသေးစိတ် ပြီး ဆက်ဆံဖို့ မှာကြားထားတဲ့အတိုင်း သွက်လက်ပျူငှာ ဆက်ဆံရှာကြပါတယ်...
ပစ္စည်းမှန်၊ဈေးမှန်ပါ အန်တီ...
ဈေးချိုပါအန်ကယ်


ပစ္စည်းတစ်ခုရောင်းထွက်တိုင်းမျှော်လင့်
ချက်နဲ့ပျော်ရွှင်နေခဲ့ကြတယ်လေ...
ခုလိုအားပေးတာကျေးဇူးပါ...
နောင်လည်းလာအားပေးပါရှင့်...
ဒါတွေဟာ..ဟိုတစ်ချိန်ကအကြောင်း
လေးတွေပေါ့.. ခုတော့ တိတ်ဆိတ်
ခြောက်ကပ်မှုတွေကအစားထိုး
နေရာယူသွားရှာပါပေါ့လား...
ငါတို့ ဘာတွေမှား
ခဲ့ကြလဲ... ဘာတွေလိုအပ်
နေလဲ...
အဖြေကား မရ.. ဘာကြောင့်ဒီလိုတွေဖြစ်နေ
သလဲဆိုတာပြန်ပြောင်းစဉ်းစားနေမိတယ်...


ဆူးရုပ်ဓာတ်မြို့ကလေးမှာ ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းများရောင်းချတဲ့ဆိုင်ဆို လို့ ကိုဖိုးလုံးရဲ့ဆိုင်တစ်ဆိုင်သာ ရှိခဲ့တယ်...
မင်းရဲ့ကွန်ပျူတာနဲ့ထမင်းဟင်း ချက်လို့ရလား မောင်ဖိုးလုံးရဲ့
အဲဒါတော့မရဘူး ဘကြီးမျိုး...
ခုလောက်ဖွံ့ဖြိုးမှုမရှိသေးတာကြောင့် သုံးစွဲသူနည်းပါးကာ ရှင်သန်ရပ်တည် ဖို့အတော်ရုန်းကန်ခဲ့ရှာတယ်..
နောက်တဖြည်းဖြည်း ကွန်ပျူတာသုံးစွဲ သူတိုးပွားလာတဲ့အတွက် အသက်ရှူ ချောင်လာခဲ့တယ်ဆိုပါတော့....
အဲ...ထမင်းဟင်းချက်တတ်တဲ့မိန်း ကလေးတစ်ယောက်ကိုရည်းစားထားခ ပေးဖို့စာစီစာရိုက်လုပ်လို့တော့ရ
တယ်..ဘကြီးရဲ့
ဆိုးဘူးဟ ဟီး...
ဒီစက်ဒ် တစ်ချပ်မြန်မြန် ရောင်းပေးပါ...
ချွေးဒီးပေါက်ပြီ..
အဓိကအချက်မှာ ဖိုးလုံးကမြို့ဖြစ်မှု ဆိုင်စနေရာအချက် အချာကျမှု...
ကိုယ့်တစ်မြို့တည်းသားတွေ ပဲကွာ..လ,ပေး နဲ့အရစ်ကျသွင်း မယ်နော်... နော်လို့
အရက်နဲ့လဲသောက် ပန်းမှာပဲဆိုးတာ..



ဆက်ဆံရေးပြေပြစ်မှုစေတနာထားမှု
ဈေးနှုန်းနဲ့အရည်အသွေးမှန်ကန်မှုတို့
ကြောင့်နာမည်ရလာတယ်ဆိုပါတော့
ကွန်ပျူတာပစ္စည်းနဲ့ပတ်သက်လို့ ဖိုးလုံးဆိုင်က ဈေးနှုန်းရောပစ္စည်းရော စိတ်အချရဆုံးပဲဗျို့
ကျုပ်လည်း အဲ့ဆိုင်မှာပဲ ဝယ်တယ်
နောက်..သိပ်မကြာ..ကွန်ပျူတာနဲ့
ဆက်စပ်ပစ္စည်းရောင်းတဲ့ဆိုင်တွေ
အလျှိုအလျှိုပေါ်လာတော့တာပဲ
ဟိုဘက်လမ်းထဲမှာကွန်ပျူတာ ဆိုင်သစ်ဖွင့်ပွဲတဲ့..သွားကြောပဲ..
ဒီဘက်မှာလည်း ဆိုင်ဖွင့်ဖို့ပြင်ဆင် နေပြီဆိုပဲ...
ဖိုးလုံးရေ..လူတွေကအခက်သားက လား..တစ်ယောက်ကလုပ်ငန်းအဆင်ပြေ တယ်ဆိုရင် နောက်တစ်ယောက်က လိုက်လုပ်ကြတော့တာပဲ..
မင်းအနေနဲ့ဘယ်လောက်ကြိုး စားပြီးရုန်းကန်ခဲ့ရတယ်ဆိုတာ သူတို့မသိဘူး...ငါကသိလို့ပြော နေတာ...
ငါးပွက်ရာငါးစာချဖို့ ပဲတတ်ကြတယ်ကွာ
ယကြာချောတာမြင်မယ်


လုပ်ကြပါစေဦး မြကြီးရယ်.. သမုဒ္ဒရာရေ တစ်ယောက်တည်း သောက်လို့မကုန်ပါဘူးဗျာ...
ငနဲကျိကျိကိုဘယ် လိုသောက်မှာလဲ...
ကုမ္ပဏီကြီးတစ်ခုက ပိုင်ရှင်ဆိုသူတစ်ဦး ရောက်လာတယ်.. ဖိုးလုံး ဆိုင်နေရာကို ဝယ်ယူလိုကြောင်း..
ဟိုင်း...မစ္စတာဖိုးလုံး....
ကွန်ပျူတာနဲ့ဆက်စပ်ပစ္စည်းများပဲ ရောင်းချမှာဖြစ်ကြောင်း...ဒါကြောင့် ဈေးနှုန်းညှိနှိုင်းရန်လာရောက်ခြင်း ဖြစ်ကြောင်း
လက်ရှိအခြေအနေအရ ကြိုက်ဈေး တောင်းပြီး နေရာဖယ်ပေးလိုက်နိုင် တယ်.. အဲ...ငါကြိုးစား ရုန်းကန်တည် ဆောက်ခဲ့တဲ့လုပ်ငန်းဖြစ်တာက တစ်ကြောင်း..


နာမည်ရနေချိန်၊ ဖောက်သည် တွေနဲ့ အဆင်ပြေနေချိန်ဖြစ်နေ တာက တစ်ကြောင်း...
အောက်.. သားသမီးတွေကိုပါ လုပ်ငန်း ထဲပါလာစေပြီး ဆက်လက်လုပ်ကိုင်စေ လိုတာက တစ်ကြောင်း ... ကြောင့်..
ကမ်းလှမ်းချက်ကို ဖိုးလုံး ငြင်းပယ် လိုက်တော့တယ်...
သိပ်မကြာပါဘူး၊ သူ့ဆိုင်နဲ့ မလှမ်းမ ကမ်းမှာရှိတဲ့ ကွန်ပျူတာနဲ့ဆက်စပ် ပစ္စည်းဆိုင်က ဈေးနှုန်းများ လျှော့ချ ခြင်း...
ကွန်ပျူတာနဲ့ဆက်စပ် ပစ္စည်းတွေကို အခဲစကောင်း ချပြီနော် လာဝယ်ကြ
50% Discount
လက်ဆောင်ပစ္စည်းများ ပေးခြင်း... စတဲ့ ပရိုမိုးရှင်း တွေပြုလုပ်လာတာတွေ့ လိုက်ရတယ်...
ကျွန်ုပ်ဆိုင်မှ ကျပ်တစ်သိန်းနှင့် အထက်ဝယ်ယူသူတိုင်းကို ၅၀၀၀ိ/-ဖိုး လက်ဆောင်ပစ္စည်း များပေးအပ်နေပြီဖြစ်ပါကြောင်း...


ဟိုဘက်ဆိုင်က ပရိုမိုးရှင်း ခဏခဏ လုပ်တယ်ဆရာ
သူတို့အတွက် ထူးခြားတဲ့နေ့ရက် ဖြစ်လို့နေမှာ ပေါ့...
စီးပွားရေးလောကမှာ ပရိုမိုးရှင်းပြု လုပ်တတ်တဲ့ရာသီများ ရှိသော် လည်း ထူးထူးခြားခြား ကြားကာလ တွေမှာ ပရိုမိုးရှင်း လုပ်လာတော့..
မသင်္ကာစရာတော့ ဖြစ်လာပြီဆရာလုံး
သူတို့ရဲ့ပရိုမိုးရှင်းကာလ ရှည်ကြာ လာတဲ့အပြင် အစီအစဉ်အသစ်တွေ ပါနေတယ်ဆရာရဲ့...
ဟုတ်လား.. အဲဒီဆိုင်က အရင်း အနှီး ဒီလောက်ရှိပုံမရဘူးနော်.. ပြီးတော့...
ပစ္စည်းတွေကို အရှုံးခံရောင်း လောက် နိုင်တဲ့အနေအထားလည်း မရှိလောက် ဘူး...
ထူးခြားဖြစ်စဉ်တွေ က သတိပေးနေသ လိုပဲဆရာ
အင်း... ဟုတ်တယ်.. ဒီကိစ္စစုံစမ်း လေ့လာကြည့်ဦးမှပဲ...


အဲဒီဆိုင်ရဲ့နောက်ကွယ်မှာ ကုမ္ပဏီတစ်ခုထောက်ပံ့ မှုတွေပေးနေတာတဲ့..
ဟုတ်လား...ဘယ်ကုမ္ပဏီ ပါလိမ့်..ပြောပြပါလား
ဗျာ...အဲဒီကုမ္ပဏီပိုင် ရှင်သူဌေးတောင်တလော ကကျုပ်ဆိုင်နေရာလိုချင် လို့ကျုပ်နဲ့ဆွေးနွေးခဲ့ဖူး သေးတယ်...
ထင်မှတ်မထားတဲ့စကားကိုကြားလိုက် ရတော့တုန်လှုပ်သွားမိတာအမှန်...
အော်...မင်းဆိုင်နေရာကိုလိုချင် လို့မင်းဆိုင်ကိုအပြတ်တိုက်နေတာ ဖြစ်နိုင်တယ်ကွ...
အဆိုးဆုံးက..မိမိဆိုင်မှဖောက်သည်များကိုမက်လုံးပေးပြီးဆွဲယူခြင်း...မိမိ ဆိုင်မကောင်းကြောင်းသတင်းလွှင့်ခြင်း၊ မိမိဆိုင်မှပစ္စည်းများမှာအရည်အသွေး နိမ့်ကြောင်းစွပ်စွဲပြီး...
ဘယ်တော့အလကား ထမလဲ..စောင့်ကြည့် နေမှပဲ...
ဒီပစ္စည်းမျိုးကို ဒီဈေးမျိုးနဲ့ ရောင်းပေးနိုင်တာဒီမြို့မှာ ဒီတစ်ဆိုင်ပဲရှိတယ်နော်.. မှတ်ထား....


သူ့ဆိုင်မှပစ္စည်းသည်သာအရည်အသွေး မြင့်၊ဈေးနှုန်းသက်သာသောပစ္စည်းများ ဖြစ်ကြောင်း...ပုတ်ခတ်ပြောဆိုမှုများ ပင်...
ဘယ်သူမဆိုဈေးနှုန်းသက် သာပြီးအရည်အသွေးကောင်းတဲ့ ပစ္စည်းကိုလိုချင်ကြမှာပဲလေ...
ပျော့နည်းသွားတဲ့ငါ့ဖောက်သည် တွေကိုအပြစ်မဆိုချင်ဘူး...ငါကလည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့ဈေးနှုန်းထက် ပျော့မှမရောင်းနိုင်တာ...
ဒီပုံဆိုပြိုင်ဘက်ကိုမယှဉ်နိုင်တာ အမှန်ပဲ...ဒီအတိုင်းနေပြန်ရင်လည်း ပေးရမယ့်ဝန်ထမ်းတွေရဲ့လစာ...
ရောင်းကုန်သဘောတရားအရကွန် ပျူတာဆိုတာမျိုးက မော်ဒယ်အောက် သွားပြီဆိုတာနဲ့ရောင်းထွက်ဖို့ခက် တဲ့အမျိုး...ဆိုတော့...
ဘက်ပေါင်းစုံကချဉ်းခြားပြီးတဖြည်း ဖြည်းဆိုင်ပိတ်ရတော့မယ့်အခြေအ နေထိဖြစ်မှန်းမသိဖြစ်လာတော့တယ်
ငါ...ဘာဆက် လုပ်ရမလဲ...


တွေးပြီးစိတ်ပျက်နေတုန်း...တစ်ဘက်ဆိုင်ကပရိုမိုးရှင်းလုပ်နေတဲ့ဂီတသံတွေ
ကဖိုးလုံးနားထဲဝင်လာနေခဲ့...
ဆရာ..ဆရာ့သူငယ်ချင်းကိုရင်အောင် ရောက်နေတယ်..ဆရာ့ကိုဝင်နှုတ်ဆက်တာတဲ့..
ရင်အောင်လား လွှတ်လိုက်လေ..
မင်္ဂလာပါသူငယ်ချင်း
ကဖိုးလုံး
ဘယ်ကဘယ်လို ရောက်လာတာလဲဟ ကော်မူရင်ကြီးရဲ့..
ငါစင်္ကာပူကိုခရီးထွက်နေတာအတော် ကြာသွားတယ်..လုပ်ငန်းကိစ္စရောအလည် သဘောရောဆိုပါတော့ကွာ..ပြန်ရောက် တာမကြာသေးဘူးဟ...


အခုလမ်းကြုံလို့မင်းကိုဝင်နှုတ်ဆက်တာ..မင်းဆိုင်ကအရင်ကဆိုဝယ်သူတွေနဲ့စည်ကားနေတာ..အခုဝယ်သူ
တွေပါးနေပါလား..
ဖိုးလုံး သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ပြီး ဖြစ်ပုံပျက်ပုံအလုံးစုံကိုရှင်းပြလိုက်ပါတယ်...
ဟူး... အဖြစ်က ဒီလိုပေါ့... - - -
ဖိုးလုံးရဲ့စကားကိုအသေအချာဂရုစိုက်နားထောင်ပေးရင်းစကားဆုံးတော့မှ...
ဒီတော့..မင်းကဆက်လုပ်မယ့်စိတ်ကူးလဲ
လုံး..
ငါကဆက်လုပ်ရမှန်းမသိတော့ဘူး
သူငယ်ချင်း ...
ဇင်အောင် တစ်ချက်စဉ်းစားလိုက်ပြီး..
ဒီမယ်ဟာကောင်ရဲ့ ဒီကိစ္စအတွက် မင်းမှာအဖြေရှိတယ်..
ဟော..


ဆက်လုပ်လို့ရတာတွေလည်းရှိတယ် တစ်အချက်.. အဲဒီဒိုင်ကသူတို့အရောင်းမြှင့်တင်ချင်တာထက်.. မင်းကိုအမြတ်တိုက်ဖို့ရည်ရွယ်ပုံရတယ်....
နှစ်အချက်.. မင်းဆိုင်ရဲ့နာမည်ကောင်းကိုဖျက်ဆီးနေကြတယ်.. သုံးအချက်က.. သူ့ဆိုင်ကပစ္စည်းတွေကိုမင်းဆိုင်ကပစ္စည်းတွေနဲ့ တိုက်ရိုက်နှိုင်းယှဉ်ပြီးရောင်းနေတယ်...
လေးအချက်.. သူတို့ရောင်းတဲ့ဈေးတွေကပုံမှန်ဈေးထက်တအားလျှော့ပြီးရောင်းနေတယ်.. ဒါတွေအားလုံးခြုံကြည့်လိုက်ရင်...
ဥပဒေချိုးဖောက်ရာရောက်နေပြီပေါ့..
ဒါမျိုးလုပ်လို့အရေးယူလို့ရတဲ့ဥပဒေရှိလို့လား
သိပ်ရှိတာပေါ့ကွာ.. ငါတို့လိုစီးပွားရေးလုပ်ငန်းတွေအတွက်မျှမျှတတယှဉ်ပြိုင်ဖို့ပြဋ္ဌာန်းထားတဲ့ဥပဒေရှိတယ်ကွ..


ယှဉ်ပြိုင်မှုဥပဒေဆိုတာပဲ..ဒီဥပဒေ
နဲ့အရေးယူပေးဖို့တိုင်လို့ရပြီဟ..
ဟုတ်..ဟုတ်လား
ဘယ်ကိုတိုင်ရမှာ
လဲ...
ဘယ်လိုတိုင်ရ
မှာလဲ..လုပ်ပါဦး
နားထောင်...ယှဉ်
ပြိုင်မှုကော်မရှင်
ဆိုတာရှိတယ်..
ဘယ်လိုတိုင်ရ
မလဲဆိုရင်..
မင်းမှာရှိတဲ့အထောက်အထားအား
လုံးနဲ့ပြည့်ပြည့်စုံစုံသာတိုင်လိုက်..လူ
ကိုယ်တိုင် တိုင်လို့ရသလိုစာရေးပြီး
တိုင်လို့လည်းရတယ်...
တိုင်တော့ကော..သူတို့ကရပ်တန်း
ကရပ်သွားမှာလား...ဘယ်လိုအရေး
ယူမှုတွေလုပ်မှာလဲ..
မင်းသာ
တိုင်..ကော်မရှင်ကစိ
စစ်ပြီးမင်းမှန်ရင်စုံစမ်း
စစ်ဆေးလိမ့်မယ်
အပြစ်ရှိလို့ရှိရင်..တရားစွဲပြီးအရေး
ယူမှာပေါ့ကွာ..ပြစ်ဒဏ်ကတော့အ
မျိုးမျိုးပဲ..တားမြစ်တာရှိမယ်..ငွေ
ဒဏ်ရှိမယ်...


တော်တော်လွန်ကဲလာရင် တော့တောင်ဒုက္ခပါထပ် လာလိမ့်မယ်..
ဟုတ်တယ် ဖိုးလုံးရဲ့..
ဟာ.. ဦးတင့် ပါလား...
မင်းတို့နှစ်ယောက် ပြောနေတာအပြင်က ကြားပြီးသား...
ရိုးသားစွာကြိုးစားလုပ်ကိုင်ရင်းနှီး မြှုပ်နှံတဲ့လုပ်ငန်းရှင်တွေကိုအကာ အကွယ်ပေးတဲ့ဥပဒေရှိကိုရှိရမယ် လေကွာ..
ဥပဒေနဲ့အညီလုပ်ကိုင်ဆောင် ရွက်မယ့်အဖွဲ့အစည်းတွေက လည်းရှိနေပြီဆိုတော့.. ဖိုးလုံးအ တွက်မှန်ကန်တဲ့လမ်းစကိုတွေ့ ပြီးဆက်လျှောက်ဖို့ပဲလိုတယ်
ဟုတ်တယ်ဦးတင့်ရဲ့.. ယှဉ်ပြိုင်မှု ကော်မရှင်ဆိုတာလည်း မှန်မှန်ကန် ကန်လျှောက်လှမ်းနေသူတွေအတွက် လမ်းညွှန်ပြသကူညီပေးတဲ့အဖွဲ့အ စည်းတစ်ခုပါ...


မောင်ဖိုးလုံးအနေနဲ့လုပ်စရာရှိတာရဲရဲဝံ့ဝံ့လုပ်ဖို့ပဲလိုတော့တယ်
စိတ်ချဦးတင့်..
ကျွန်တော်လျှောက်ရမယ့်လမ်းကို လျှောက်လှမ်းဖို့ဆုံးဖြတ်လိုက်ပြီ...
ဧည့်သည်တွေပြန်သွားပြီဆိုတာနဲ့ဖိုးလုံးတစ်ယောက်ယှဉ်ပြိုင်မှုဥပဒေနဲ့ယှဉ်ပြိုင်မှုကော်မရှင်အကြောင်းလေ့လာစုံစမ်းမှုတွေလုပ်ဖြစ်တယ်...
ဟုတ်ပြီ...
လိုအပ်တဲ့အချက်အလက်တွေစုဆောင်းပြီးကော်မရှင်ကိုတိုင်ကြားဖို့တိုင်ကြားစာတစ်စောင်ကိုရေးသားတိုင်ကြားလိုက်ပါရော...


တိုင်ကြားစာပို့ပြီးမကြာလိုက်
တိုင်ကြားမှုကိုလက်ခံနိုင်ဖွယ်
ရှိကြောင်း စိစစ်တွေ့ရှိရတဲ့အ
တွက်ဆက်လက်စုံစမ်းမှုများ
ပြုလုပ်သွားမည်ဖြစ်ကြောင်း
ယှဉ်ပြိုင်မှုကော်မရှင်မှ အ
ကြောင်းကြားစာပြန်လည်လေး
ပို့လာတယ်လေ...
ယှဉ်ပြိုင်မှုကော်မရှင်က အကြောင်းကြားစာပါလား....
ကျွန်တော်တို့ကိုအခုလို အရေးတယူ ဖြေရှင်းပေးမယ့်အဖွဲ့အစည်းပဲ နော် ဦးတင့်
ဟား.. ယှဉ်ပြိုင်မှုကော်မရှင်ဆိုတာ တရားဝင်အသိအမှတ်ပြုဖွဲ့စည်းထားတဲ့အဖွဲ့အစည်းဖြစ်လို့ပေါ့ကွာ...
မြို့နယ်တရားရုံး
(    )မြို့နယ်
ကာလအတန်ကြာပြီး နောက်စုံစမ်း
စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးဥပဒေချိုး
ဖောက်မှုပေါ်လွင်တဲ့အတွက်တရားရုံး
မှာတရားစွဲဆိုခဲ့ကြောင်းသိလိုက်ရ
တယ်..


ဥပဒေချိုးဖောက်မှုများကိုရပ်တန့်ရန်နှင့်ဥပဒေချိုးဖောက်မှုအတွက် တရားရုံးမှ ဒဏ်ကြေးရိုက်ပြီးဖြစ်ကြောင်း ဖောက်မရှင်မှ ထပ်မံအကြောင်းကြားလာခဲ့ပါတော့။
ဦးဖိုးလုံး အတွက် စာပါတယ်ခင်ဗျ...
အတိုက်အခိုက်ခံရမှုကြောင့် စိတ်ပျက်အားငယ်မှုတွေငါ့ဆီမှာကင်းစင်လွင့်ပျောက်ပြီး ရှေ့ဆက်လျှောက်လှမ်းဖို့ခွန်အားသစ်တွေ ဖြစ်ပေါ်လာပြီကွ...
နေပြည်တော် ဆရာဟန်ရဲ့ ဗေဒင်ဟောစာတမ်းတွေ.... ဗုဒ္ဓဟူးသားများ အဟုတ်ထူးခြားသွားမှာတဲ့ဗျ...
ကျယ်ကျယ်လေး ထပ်အော်ပေးပါလားခင်ဗျာ..
ခုဆိုရင် ဖိုးလုံးတစ်ယောက် အားလုံးကိုကျေနပ်ပီတိဖြစ်မိရှာနေလေရဲ့....
ဟဲ့..ဟဲ့တစ်ခါ မောင်ရင်မူးလား
ဒီတစ်ခါ တကယ်အော်လို့ရပါပြီခင်ဗျ


ဒါဆို...မောင်ရင်က...ရူးသွား
မယ့်ကားတွေချောက်..ထူးခြားတဲ့
အတွေးတွေပေါက်ပြီး...မြူးကြွားတဲ့
ကလေးအဖေတစ်ယောက်ပေါ့..
ဗုဒ္ဓဟူးသားတွေ....
အဟုတ်..ရူး...
တိုးတိုးအော်ပါ..ဒီမှာ
ဖုန်းပြောနေတယ်..
အနှောင့်အယှက်ဖြစ်
သွားရင် တောင်းပန်ပါတယ်
ဆောင်း...လုံမ
ဘာ..လုံမ
လဲ...သူ့ကိုလုံမ
တဲ့...
လုံမ မိုလို..လုံမလို့ခေါ်တာပေါ့ဟဲ့...
ဟိုမှာတွေ့လား...သူတို့ကမလုံ့တလုံ့
မတွေ့လေ..
ဗုဒ္ဓဟူးသားတွေ...
အဟုတ်ရူးခြားနေ...
ဟယ်တော်...


ဖိုးလုံးအတွက် ကြီးမားတဲ့အောင်မြင်မှု ကြီးတစ်ရပ်လို့ ဆိုရပေလိမ့်မယ်...
မတရားသဖြင့် ယှဉ်ပြိုင် အနိုင်ယူမှု တွေကို နည်းမှန်လမ်းမှန်တုံ့ပြန်ကြ ဖို့ တိုက်တွန်းနှိုးဆော်လိုက်ပါရစေ
ဆိုင်မှာလည်း အရင်တုန်းကလိုပဲ ဝယ်သူတွေနဲ့ စည်ကားနေတဲ့အပြင်
ဖိုးလုံးဆိုင်မှာ ဈေးဝယ် သူတွေ ပြုံတိုးနေတယ်ဟ.. ဝမ်းသာတယ်ဟေ့..
ဝန်ထမ်းတွေကိုလည်း နှစ်စဉ်ဆုကြေးနဲ့ လိုအပ် သည်များကို ထောက်ပံ့ ပေးအပ်နိုင်ခဲ့ပြီလေ..
ပိုပြီး ကျေနပ်ဖွယ်ကောင်းတာက ဒီနှစ်ထဲမှာ နှစ်စဉ်ဆုကြေးများ ပေးအပ်နိုင်ခြင်းအပြင် ဝန်ထမ်း မိသားစုများကို အပန်းဖြေခရီး ပါ ပို့ဆောင်ပေးလိုက်နိုင်ခဲ့ခြင်း ဖြစ်တယ်လေ....
HTOO



အလှည့်ကျ အမြတ်ယူ နာလန်မထူဖို့ပြင်
နာမည်ကြီးစားသောက်ဆိုင် တစ်ခုရဲ့ သီးသန့်အခန်းတစ် ခန်း.. အခန်းအပြင်ဘက်မှာ သပ်ရပ်စွာဝတ်ဆင်ထားတဲ့ စားပွဲထိုးတစ်ဦးရှိနေတယ်
EMMETS CLASSIC CREAM IRELAND CREAM LIQUEUR
အခန်းအတွင်းစားပွဲထက် မှာအကောင်းစားအရက်၊ ဝိုင်နဲ့တန်ဖိုးကြီးဟင်းလျာ များပြည့်လို့လျှံလို့..
စားပွဲဝိုင်းပတ်လည်မှာတော့ စီးပွားရေးလုပ်ငန်းရှင် များအပြုံးကိုယ်စီနဲ့..သောက်စားထားတဲ့အရှိန် ကြောင့်ရီဝေဝေဆူညံစကားသံတွေကပွက်ပွက်ညံ..


ကိုစိုးအောင်ရဲ့မျက်နှာပြုံးရွှင်ဖော်ရွေ
မှုနဲ့ ဒီဝိုင်းရဲ့ဒကာဖြစ်ကြောင်းပေါ်
လွင်ထင်ရှားနေတယ်လေ...
ကားကြမျာ..×× သောက်ကြမျာ..×
နောက်ဘဝမှာ××ချမ်းသာချင်မှ
ချမ်းသာမှာ×××
ကိုစိုးအောင်ကြီးက ကုဋေရှစ်
ဆယ်သူဌေးသား ဓါတ်ရှင်ထဲကကို
ကျော်ဟိန်းအတိုင်းပဲဗျာ..ဟား ဟား
ကိုကျော်ကျော်က
လုပ်ပြီဗျာ..အဟင်း
ကျုပ်တို့တတွေ ကိုယ့်အလုပ်နဲ့ကိုယ်
ကောင်းနေတော့ ဒီလိုမျိုးမဆုံဖြစ်
တာအတော်ကြာပြီနော်...
ဟောဒီ..ကိုစိုးအောင်ကျေးဇူး
ကြောင့်ခုလိုဆုံရတာ..ကျေးဇူးတင်
တယ်ကိုစိုးအောင်ရေ..
ဒါနဲ့..ခုလိုကျွေးခဲ့တာ ဘာ
အကြောင်းရှိလို့လဲဗျာ..
ဘာရယ်မဟုတ်
ပါဘူး....


ဒီနေ့.. ကျွန်တော် ပရောဂျက် တစ်ခုအတွက် တင်ဒါပြိုင်တာ နိုင် တာနဲ့ အောင်မြင်တဲ့အထိမ်းအမှတ် ပေါ့ဗျာ.. ဟဲဟဲ...
ကွန်ဂရက်ကျူလေးရှင်းဗျာ...ဒါနဲ့ ဘယ်သူတွေနဲ့ပြိုင်ရလဲဗျ...
ဦးညီဖြိုး တို့ ဦးနေဝင်း တို့အဖွဲ့တွေနဲ့ပါဗျာ...
ဗျာ.. ဘယ်လို.... သူတို့လိုလုပ်ငန်းကြီး တွေနဲ့ပြိုင်ပြီး...
ခင်ဗျားက တင်ဒါနိုင်တယ်.. ဟုတ်လား.. ဟုတ်ရဲ့လားဗျာ... ကျွန်တော်တို့ဆို အဲဒီ လူတွေပါရင် အပြိုင်မလိုက်နိုင်လို့ ဝင် ကိုမပြိုင်တော့တာ တော်တော်ကြာ ပါပေါ့လား...


ဟား ဟား..ခင်ဗျားကစီးပွားရေးလုပ်ပြီး တော်တော် အ,တာကိုး..ကျွန်တော့်လို အင်အားနဲ့ သူတို့ကိုသွားယှဉ်လို့ရမလားဗျ...
ညှိရတာပေါ့...
ညှိတယ်..ဟုတ်လား ဘယ်လိုညှိရတာလဲဗျ
တစ်ယောက်တစ်လှည့်ပေါ့.. ကျွန်တော်တို့လို အရင်းအနှီး နည်းတဲ့သူအတွက် ပရောဂျက် သေးသေးတွေယူ...
ပရောဂျက်အကြီးကြီးတွေဆို သူတို့ယူ...ဒီလိုပဲညှိလုပ်ကြတာပေါ့...


ခင်ဗျားတို့လုပ်တာတရားဝင်လို့လားဗျာ.. ဘယ်လိုညှိလုပ်ကြတာတုန်း
တရားတော့ဝင်မလားဗျ..
အဲ.. တင်ဒါခေါ်တဲ့ဌာနကမသိအောင်ညှိရတာ... ဥပမာ... ဒီလိုမျိုး စားရင်းသောက်ရင်း ပြောကြဆိုကြတာပေါ့..
ဆိုဒါရပြီခင်ဗျ..
ဒီမျိုးက တရားဝင်စာရွက်စာတန်းနဲ့ညှိလို့ရတာမဟုတ်ဘူး.... မိသွားရင် ဒုက္ခရောက်ကုန်မှာပေါ့ဗျ... အဟင်း
တင်ဒါဆိုတာကလည်း အူခည်း ကမ်းနဲ့အူကြီး..
ခင်ဗျားတို့ဟာ ကနိုင်ငံတော်ပိုက်ဆံကိုညှိပြီး...
ပိုကျန်အောင်လုပ်သလို ဖြစ်မနေဘူးလားဗျာ..


ဒါ... စီးပွားရေးအလုပ်လေဗျာ... ဒီလိုလုပ်မှ ဒီလိုဖြစ်မှာမို့ လုပ်လိုက်ရတာပဲ.. ဟဲဟဲ...
ဒီလိုမှမလုပ်ရင် တစ်ယောက်နဲ့ တစ်ယောက်ပြိုင်နေတာနဲ့ ဘာမှ ကျန်မှာမဟုတ်တော့ဘူးဗျို့... ဟီး...
ဒီလိုလုပ်လိုက်တဲ့အတွက် ဒီလိုအဆင်ပြေတာပေါ့ဗျာ.. ဒီလောက်မှမလည်ရင် ကျုပ်တို့လောကမှာ ကြာကြာရပ်တည်ဖို့ မလွယ်ဘူး နော်...
သဘောပေါက်ပါပြီဗျာ... နောင်လည်း ခုလိုကျွေးမွေးဧည့်ခံနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ် ကိုဦးအောင်ရယ်...
ကျွေးပစ်လိုက်မယ်×× ခပ်မျှားမျှား ဟီးဟီးဟား×× ဟီးဟီးဟား××


တစ်လခန့်အကြာ...ယခင်စားသောက်ဆိုင်ရဲ့ သီးသန့်အခန်းတစ်ခုမှာ....
စားပွဲဝိုင်းတစ်ခုမှာ ကိုဦးအောင်တစ်ယောက်တည်း ထိုင်နေလေရဲ့...
စားပွဲပေါ်က အစားအသောက်တွေက အရာမယွင်း သေမယ့် အရက်ပုလင်းက တော်တော်လေး လျော့နေလေပြီ...
CARIBBEAN PINEAPPLE
ဟား...ကိုဦးအောင်ကြီး.... တစ်ယောက်တည်းလား... အခင်ပြေရဲ့လားဗျ..
စားသောက်ခန်းထဲဝင်လာပြီး နှုတ်ဆက်လိုက်တဲ့ ကိုကျော်ကျော်ရဲ့ အသံကြောင့် ရီဝေစွာ မော့ ကြည့်လိုက်ပြီး...


မပြောဘူး.....လုံးဝကို မပြောတော့ဘာ...
ဘာတွေ ဖြစ်နေတာလဲဗျ။
ဘာဖြစ်ရမှာလဲ... အမှုဖြစ်နေတာ...
ဘာလို့ အမှုဖြစ်ရတာလဲ ကိုစိုးအောင်
ဖော်ကောင်ပေါ့ဗျာ... ဖော်ကောင်လေ....
ဖော်ကောင်... ဟုတ်လား
ဟုတ်တယ်။ လုပ်တုန်းကအတူ တူလုပ်ပြီး ဦးအောင် ပြေးတိုင်တော့...
ကိုယ်တွေမိ ပြီပေါ့ဟ...
ကျုပ်သဘောမ ပေါက်ဘူးဖြစ်နေ တယ်ကိုစိုးအောင်


ဒီလို ဒီလို... အရင်တစ်ခါ ဒီဆိုင်မှာ ကျွန်တော် စည့်ခဲ့တုန်းက ပြောခဲ့မိတာ မှတ်မိသေးတယ်မို့လား... တင်ဒါ အောင်လို့ပြုစုတာကိုလေ...
အဲဒီတုန်းကတော့အားလုံးဆို ပြီး ပျော်ပျော်ပါးပါး အမြတ်ခွဲယူကြ တာ... ခုတော့.. ကျုပ်တို့အထဲက တစ်ယောက်ယောက်က သွားပြီး ဖော်ကောင်လုပ်တော့...
ဥပဒေချိုးဖောက်တယ်ဆိုပြီး ကျုပ်တို့တစ်ဖွဲ့လုံး တရားရုံးမှာ အစစ်ခံနေရပြီလေ...
ဟာ... ဟုတ်လား
ဘယ်ဥပဒေကိုချိုး ဖောက်တယ်တဲ့လဲ ကိုဆိုးအောင်..
ယှဉ်ပြိုင်မှုဥပဒေ တဲ့ဗျ...
ဟုတ်... အခုနား ယှတ်မရှိပါ... ဟုတ်...


ယှဉ်ပြိုင်မှုဥပဒေ...
ဟုတ်လား...
တရားမျှမျှတတ ယှဉ်ပြိုင်ပြီး တင်ဒါ လျှောက်ထားတာမ ဟုတ်ကဲ့ညှိပြီးယူလို့ တဲ့လေ...
ယှဉ်ပြိုင်မှုဥပဒေကဒါမျိုးလုပ် တာ တားမြစ်ထားတယ်ဩ..
ဟုတ်တယ်..
ခုတော့..တရားခွဲခံရရုံတင်မကဘူး ကျုပ်တို့လောကထဲမှာကိုနာမည်က ပျက်နေပြီ...
နောက်ထပ်ဒါမျိုးတင်ဒါဝင် လျှောက်မယ်ဆိုရင်တောင်ယုံ ကြည်မှာမဟုတ်တော့ဘူးဗျို့
လည်တော့လည်ခဲ့တာပေါ့ဗျာ.. ခုလိုမျိုးလူလည်ကျတာကိုတော့ ဥပဒေကရှိနေပြီးသား...လုပ်ချင် တိုင်းလုပ်ခွင့်မရှိတော့ဘူးဗျ....


နေပါဦးဗျ။ ပြစ်ဒဏ်က ဘယ်လောက်တောင် ကျနိုင်လို့လဲဟင်
ဒဏ်ကြေးအနေနဲ့ သိန်း(၁၅၀)လောက်ထိ ပေးရနိုင်တယ်...
ဒီလောက်တော့ ခင်ဗျားတတ်နိုင်တယ် မို့လား...
အာ..အခုနမြသင့်ရင်တောင်ဒဏ်(၃)နှစ် ထိ....
ကျနိုင်တယ်။ ဒဏ်ကြေးလောက်နဲ့ ပြီးပြတ်ပါစေလို့ဆုတောင်းနေရတယ် ကိုကျော်ကျော်
ဗျာ... အဲ့လောက်တောင် ပဲလား...
ဟုတ်တယ်။ ခုတောင်နာမည်ကအဖတ်ဆယ်လို့မရဖြစ်နေပြီ ကိုကျော်ကျော်...


ကိုစိုးအောင်ကိုကြည့်ပြီး ကိုကျော်ကျော်သက်ပြင်းရှည်ကြီးမှုတ်ထုတ်လိုက်ပြီး....
အရင်တစ်ခါ စားသောက်ဆိုင်မှာ သူကိုယ်တိုင်ပြောခဲ့တဲ့အတိုင်းပဲ...
အော့..
စားကြမှာ.. သောက်ကြမှာ... နောက်ဘဝမှာ ချမ်းသာချင်မှ ချမ်းသာမှာ... ဆိုတာလေ... နောက်ဘဝ မပြောနဲ့..
ဒီဘဝမှာတောင် မမှန်မကန်လုပ်ကိုင်စားလို့ ကြီးပွားချမ်းသာရင် တစ်ခါပဲခံရမယ်.. အခု.. လူရောစိတ်ပါဆင်းရဲဒုက္ခကြုံနေရပြီမို့လား ကိုစိုးအောင်
အေးဗျာ.. ဒါသင်ခန်းစာပဲ.. ကျုပ်တို့ မှန်မှန်ကန်ကန်လုပ်ကိုင်စားမှဖြစ်တော့မယ်.. သွားပြီ ကိုစိုးအောင်ရေ..
ကိုကျော်ကျော်ရဲ့စကားတစ်ခွန်းနဲ့ ကိုစိုးအောင်ကို နှုတ်ဆက်ထွက်ခွါလာခဲ့တော့တယ်လေ။
HTOO နား


ပေါင်းစားကြသည် ဆိုရာဝယ်
ကိုညိုဖြိုးနဲ့ ကိုအောင်ပို တို့ ဂေါက်ကွင်းထဲရောက်ရှိ နေကြလေပြီ...သူတို့နှစ်ယောက် က မကြာခဏ ဒီလိုမျိုး ချိန်း ရိုက်နေကျလေ...
ဂေါက်ရိုက်အားကစားကို ဝါသနာပါ တာထက် အလုပ်အကြောင်းဆွေး နွေးဖြစ်တာပိုများတယ်လေ...
သူတို့နှစ်ဦးက ဒီမြို့လေးရဲ့အထင်ကရ ကုန်သည်နှစ်ဦး ဆိုပါတော့...အလုပ်အကိုင်ကလည်းတူကြတယ်...
ဖုန်းမကိုင်ဘူး
ဒါဆို... ဟန်နီ့ဆီ ဆက်မှာ ကိုညိုဖြိုး...
မရှိရင် ဗူဗီ ဆီဆက်မှာ..
လူနာမည်တွေ မှဟုတ်ပါလေစ
ဟဲလို... ဟဲလို...


ဒီဒေသကထွက်တဲ့ ဆန်ပဲစတဲ့လယ်ယာ ထွက်ကုန်တွေကို ဒိုင်ခံဝယ်ယူပြီး ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချကြတယ်
ဆိုက်ဈေးထက် တိုးမလိုချင်ကြပါနဲ့...ရိုးသားကြစမ်းပါ...
တစ်ခါတစ်ရံ တွက်ခြေကိုက်မယ်ဆိုရင် ကိုယ်တိုင်မပို့တော့ဘဲ တခြားဝယ်လက်တွေကို ဈေးတင်ပြီး ပြန်ရောင်းတတ်ကြသေးတယ်...
ကိုက်ဈေးရလို့ကတော့ အိမ်ကဟာကြီးပါထည့် ရောင်းပစ်မှာ...
အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ ဖြစ်ကြသလို အပေးအကမ်းရက်ရောသူများ ဖြစ်ကြတာကြောင့်...
ဒါက..ခေးအတွက်.. ဒါက..မီးအတွက်
KTV
လူသိများပြီးထင်ရှားကာ..လုပ်တိုင်းဖြစ်တဲ့ အခြေအနေကိုပိုင်ဆိုင်ထားသူများပင်...
ကလေးရော..ခေးပါ သိကြပါတယ်...
ငါပါဘူး နော်..
ဟား..ကိုညီဖြိုးက လက်တော်ဆော်တက် လာတာပဲ...


တက်တယ်ဆိုလို့...ပြောရဦးမယ်...ကျွန်တော်တို့ဆီ ပဲသွင်းနေတဲ့ကောင်သူတွေက ဈေးတက်ပေးဖို့ပြောနေကြတယ်ဗျာ...
ခင်ဗျားကဘယ်လို သဘောရလဲ...
အမှန်ဆိုရရင်တော့...ဈေးတိုးမပေးချင်ဘူးဗျာ...ကျွန်တော်တို့အမြတ်ကျန်ကနည်းသွားပါ့မယ်...
ဒါဆို...မတက်ရပေါ့...ဒီနယ်မှာ ခင်ဗျားနဲ့ကျွန်တော်ကလွဲရင် ဒီကောင်သူတွေရောင်းစရာနေရာ မရှိပါဘူးလေ...ဟားဟား
တခြားနယ်သွားရောင်းရင်လည်း သယ်ယူစရိတ်ထောင်းပါ့မယ်...ပြီးတော့...တော်တော်များများကကျွန်တော်တို့အကြွေးတွေမကင်းကြဘူးလေဗျာ...
ပဲဈေးတက်နေတဲ့အချိန်မှာ...သူတို့က ဈေးပိုပေးချင်ပုံရတယ်နော်...
ခင်ဗျားနဲ့ ကျွန်တော်ဝယ်ဈေးညှိထားလိုက်ရုံပဲ...




သူတို့မရောင်းပဲနေလို့မရဘူးလေ.. သူတို့မှာလဲ သူတို့စရိတ်နဲ့ထောင်းနေတာ.. ငွေမြန်မြန်ပေါ်အောင်လုပ်ကြမှာပဲ.. ကျုပ်တို့နှစ်ယောက်က ဈေးနှုန်းထိန်းထားဖို့ပဲလိုတယ်...
တလောက ကျွန်တော်တို့ပဲဈေးတွေမတရားတိုးလိုက်တာကို သူတို့က ထောက်နေကြတယ်
ဗျာ...
အဲဒီတုန်းက ကျွန်တော်တို့နိုင်ထဲကို...
ကုန်သည်အသစ်တစ်ယောက်ဝင်ပြီး ဈေးကွက်လုဖို့လုပ်တာကိုး.. ကျွန်တော်တို့က ဈေးမတရားတိုးပေးလိုက်တော့ အဲ့ကုန်သည်လစ်ရ
ရောဖို့လားဗျာ...ဟဲဟဲ..
ပေါ့.. ခုဆို.. ကျွန်တော်တို့လက်.. ကျွန်တော်တို့ချုပ်ပဲလေ.. အရင်တိုးပေးခဲ့တာကိုရှင်းအားရဖို့ ကျွန်တော်တို့က ဈေးထိန်းထားရမှာပေါ့ကို
အောင်ပို့ ရယ်
ဟုတ်ပါပြီ
ဟုတ်ပါပြီဗျာ...
ကျွန်တော်တို့နှစ်ယောက် သိနေသရွေ့.. ကျွန်တော်တို့အာ ခွက်ပဲ...ဟဲဟဲဟဲ...
ဟုတ်လိုက်လေ ဗျာ..ဟားဟား...


ယှဉ်ပြိုင်မှုကော်မရှင်ရုံးတွင်....
ကျွန်တော့်နာမည် အောင်တိုးပါ.. ကျွန်တော် တိုင်စရာလေးတစ်ခုရှိလို့ပါ ခင်ဗျာ....
ကျွန်တော်.. လက်ကမ်းစာစောင်လေးတစ်ခုထဲမှာ တွေ့လို့လာတိုင်တာပါ...
Price Fixing
ကျွန်တော့်အဖေကိုယ်တိုင်က တောင်သူတစ်ယောက်ပါ.. ဒါပေမဲ့ ကျွန်တော်တို့ဘဝက ဘယ်လိုမှ အဆင်မပြေလို့ ကျွန်တော်ဆို ဂေါက်ကွင်းမှာ ကယ်ဒီ လုပ်ရပါတယ်...
ပဲဈေးကောင်းလည်း ကျွန်တော်တို့ဈေးကောင်း မရဘူး ခင်ဗျ.. သူတို့သတ်မှတ်တဲ့ဈေးအတိုင်း ရောင်းကြရပါတယ်...
အခြားရောင်းချရမယ့်သူဆိုလို့လည်း မရှိပါလေတော့ သူတို့ဆီမှာပဲရောင်းပေးနေရတယ်ခင်ဗျ


ကျွန်တော်က သူတို့နဲ့ မကြာခဏ ဆိုသလို ဂေါက်ကယ်ဒီလိုက်ရင်း သူတို့ပြောဆိုနေတာကြားရတာပါ ခင်ဗျ...
ဟုတ်ကဲ့..မကြာခဏတွေ့ကြပါတယ်.. အချိန်နဲ့နေရာက မှတ်ရလွယ်ပါတယ်.. ကျွန်တော်အလုပ်ဆင်းတဲ့နေ့တွေအတွက်...
အလုပ်မှာ မှတ်တမ်းရှိပါတယ်.. ကျွန်တော်ကိုယ်တိုင်လည်း မှတ်ထားတာရှိပါတယ်.. ကျွန်တော့်မှာ ရှိသမျှ အထောက်အထားတွေ ပေးနိုင်ပါတယ်...
ဟုတ်ကဲ့..လိုအပ်ရင် ကျွန်တော် သက်သေတွေ ထပ်ရှာပေးပါ့မယ်.. ကျွန်တော့်အနေနဲ့က..သူတို့ကို ထိထိရောက်ရောက် အရေးယူပေးစေချင်ပါတယ်...
ကျွန်တော်တို့မိသားစုလိုမျိုး တခြားတောင်သူမိသားစုတွေလည်း ဒုက္ခရောက်နေကြလို့လာတိုင်တာပါခင်ဗျ...


ဦးညိုဖြိုးနဲ့ ဦးအောင်မိုး...ခင်ဗျားတို့ကို ကော်မရှင်ရုံးခေါ်ရတဲ့ အကြောင်းက..ခင်ဗျားတို့လယ်ယာထွက်ကုန်တွေကိုဝယ်ယူရာမှာ...
ဈေးနှိမ်ပြီးဝယ်တယ်လို့ တိုင်ကြားမှု လက်ခံရရှိလို့ခေါ်ရတာ ဖြစ်တယ်..ခင်ဗျားတို့ကိုတိုင်တဲ့ အကြောင်းအရာအပေါ်စိစစ်တဲ့ အခါမှာ....
ဈေးနှုန်းညှိနှိုင်းသတ်မှတ်တာတင် မကဘဲ..ဈေးကွက်ကိုလက်ဝါးကြီး အုပ်ထားတာ...အခြားစီးပွားရေးလုပ် ငန်းသမားတွေကိုဈေးကွက်ထဲ မ ရောက်အောင်တားဆီးထားတာ တွေပါတွေ့ရတယ်..ဒါဟာယှဉ်ပြိုင် မှုဥပဒေကိုချိုးဖောက်ရာရောက် နေပါပြီ...
ဒီတော့..အခုစုံစမ်းစစ်ဆေးမှု မှာ မေးတာတွေကိုအမှန်အတိုင်း ဖြေစေချင်ပါတယ်..
ဟာ..
မဟုတ်တာဗျာ..ဒါ သက်သက်စွပ်စွဲတာ..
ကျွန်တော်တို့ကို ပျက်စီးစေချင်လို့လုပ် ကြံတိုင်တာဖြစ်မှာပါ


ဟုတ်ပြီ..ဒီလိုဆို ခင်ဗျားတို့နှစ်ယောက် ဈေးနှုန်းမညှိကြဘူးပေါ့...
လုံးဝ...မညှိဘူး...
မကြာခဏတွေ့ဖြစ်ကြလား...
ကိုယ့်အလုပ်နဲ့ကိုယ် မအားလို့ မတွေ့ဖြစ်ကြပါဘူး... နော်... နော်..
အေးလေ..
ဒီမှာကြည့်လိုက်ပါဦး..ခင်ဗျားတို့တွေ့ပြီး ဓါတ်ရိုက်ကြတဲ့ပုံတွေ..ခင်ဗျားတို့ တစ်ပတ်ကိုဘယ်နှကြိမ်တွေ့တယ်..ဘယ်လိုပြောဆိုညှိနှိုင်းကြတယ်ဆိုတာ ကျွန်တော်တို့ဆီမှာ သက်သေအထောက်အထားတွေရှိသေးတယ်နော်...
ဟိုက်..
အဲဗျ...
အခု..ရုံးခန်းစစ်ဆေးတုန်းမှာ ခင်ဗျားတို့ပူးပေါင်းပါဝင်မှုကောင်းရင် သက်သာလိမ့်မယ်လို့ ကျွန်တော်အကြံပြုချင်ပါတယ်...
ဒါနဲ့ ညှိကြသ မလား...
ရလောက်ဘူး... အမှုပိုကြီးသွားမှ ဒုက္ခ...


ခင်ဗျားတို့ချိုးဖောက်မှုအတွက် ဒဏ်ငွေက သိန်း(၇၅၀)ထိနော်..ပြီး တော့..ထောင်ဒဏ်ဆိုရင် သုံးနှစ်အထိ ဗျ..နှစ်ခုစလုံး လည်း ဖြစ်နိုင်တယ်...
ဗျာ...
တဗြီဆရာ...
ဘယ်လိုလဲ..အမှန်အတိုင်း ဖူး လင်းပြီး ဖြေဆိုပေးဖို့ ထပ်ပြီးတိုက် တွန်းချင်ပါတယ်...
အ...အမှန်အတိုင်းဖြေ ပေးပါတော့မယ်....
ဟုတ်ကဲ့...ဆုပြော တဲ့အတိုင်းပါပဲဗျာ..
ကျွန်တော်တို့ကိုလေ...သက် သက်ညှာညှာစဉ်းစားပေးဖို့ တောင်းဆိုပါတယ်...
အိုကေ..ခင်ဗျားတို့ရဲ့ဖူး လင်းဆောင်ရွက်မှုကိုအစီ ရင်ခံစာထဲထည့်ရေးပေး ပါ့မယ်...
မှန်မှန်ကန်ကန်ထွက် ဆိုပါ့မယ်..မှန်မှန်ကန် ကန်လည်း လုပ်ကိုင်စား ပါတော့မယ်...ဗျာ...
ဟုတ်တယ်နော်